
THE
FLOWER MOON
TRANSLATION TEAM
ပူကြားလေးရဲ့ စူပါဒယ်ဒီ
(Chapter 241 - 260)
စာစဉ် - ၁၃

## အပိုင်း(၂၄၁)

## အသက်ရှူမှားလောက်စရာပဲ။

လေထုသည်အမှန်ပင်ခွကျနေလေသည်။ ရှုရှီယန်သည်ရေခဲပြင်ကိုထိုးဖောက်လိုက်လေသည်။

"ချန်ချန် အလုပ်နားချိန်တန်နေပြီ။ ဝမ်ဒိုနဲ့အတူညစာသွားစားရအောင်။ ငါဝယ်ကျွေးမယ်"

ရှောင်ယုချန်သည်မာဟာဒုန်၏အကြည့်ကိုတမင်ရှောင်ရှားကာ ရှုရှီယန်ကိုပြန်ပြောလိုက်သည်။

"ညီမလေးတစ်ချိန်လုံးမမကိုဝယ်ကျွေးမနေပါနဲ့ကွယ်"

ရှုရှီယန်သည်အခွင့်အရေးကိုအမိအရယူကာပြောလိုက်သည်။

"ဒါဆိုမမဝယ်ကျွေးလေ"

ရှောင်ယုချန် "..."

သူမအားငြင်းပယ်လျှင်ရိုင်းရာကျပေမည်။ ထို့ကြောင့်ပြုံး၍ပြောလိုက်သည်။

"ကောင်းပြီလေ။ ဝယ်ကျွေးပါ့မယ်"

သူတို့ထွက်ခါသည့်အခါ မာဟာဒုန်လည်းလိုက်ပါလာလေသည်။ရှောင်ယုချန်သည် ရပ်လိုက်ကာ မျက်မှောင်ကြုတ်လိုက်သည်။

"မစ္စတာမာ။ ကျွန်မကဒီကအလုလေးနှစ်ယောက်ကိုပဲကျွေးမှာပါ။ ရှင်လိုက်မလာသင့်ဘူးထင်တယ်"

ရှုရှီယန်ကူညီလိုက်သည်။

"ချန်ချန် မာဟာဒုန်လည်းဒီမှာရှိနေတာဆိုတော့ တူတူပဲ သွားလိုက်ကြမယ်လေ။ သူ့ကိုင့ ါရဲ့အပိုလို့သဘောထားလိုက်"

ထိုသို့ကြားလိုက်ရသောအခါမာဟာဒုန်သည်ရှုရှီယန်၏လက်မောင်းကိုချက်ချင်းကိုင်လိုက်ပြီး ပြောလိုက်သည်။

"မှန်တယ်။ ကျင်းရှီနဲ့ကျွန်တော်နဲ့ကညီအမကောင်းတွေ။ မဟုတ်ဘူး။ ညီအကိုကောင်းတွေပြောတာ"

မာဟာဒုန်ကဲ့သို့အရေထူသည့်သူမျိုးတွေ့ရန်အလွန်ခက်ခဲပေသည်။

ရှောင်ယုချန်သည်သူ၏အရှက်မရှိမှုကိုပြောစရာစကားမရှိဖြစ်နေတော့သည်။ ရှုရှီယန်သည်သူမ၏တိတ်ဆိတ်နေမှုကိုသဘောတူညီမှုအဖြစ်သတ်မှတ်လိုက်လေသည်။

သူတို့မထွက်ခွာခင် ရှုရှီယန်ကအကြံပေးလိုက်သည်။

"မကောင်းသတင်းထွက်မယ့်ရန်ကနေကာကွယ်ဖို့အတွက် ငါတို့ကိုယ်ငါတို့နည်းနည်းလောက်ရုပ်ဖျက်သွားရအောင်"

"အမှန်ပဲ"

မာဟာဒုန်အပြင်းအထန်ထောက်ခံလိုက်သည်။

သူသည်မကောင်းသတင်းတွင်အမွှေမခံနိုင်တော့ပါ။ ထို့အပြင်သူနှင့်ရှောင်ယုချန်၏ညစာကိုပရိတ်သတ်များ၏အနှောက်အယှက်မခံချင်တော့ပေ။

ထို့ကြောင့်ရှုရှီယန်သည်မာဟာဒုန်အတွက်ဝတ်စုံစီစဉ်ပေးလိုက်ပြီး ဆံပင်ရှည်အတုစွပ်ပေးလိုက်ကာ သူ၏မျက်နှာကိုပြင်ဆင်ပေးလိုက်လေသည်။

မာဟာဒုန်သည်မိတ်ကပ်အနည်းငယ်ပြင်ဆင်ပြီးဂါဝန်ဝတ်ဆင်ကာ

အဝတ်လဲခန်းမှထွက်လာသောအခါသူသည်မှင်သက်စရာဖြစ်နေလေသည်။

ထို့အပြင်အနည်းငယ်ဆွဲဆောင်မှုရှိနေလေသည်။

သာမန်အမျိုးသမီးများနှင့်ခြားနားသောရှည်လျားသည့်ခန္ဓာကိုယ်တည်ဆောက်ပုံမှလွဲ၍ မာဟာဒုန်သည်ယောကျ်ားတစ်ယောက်နှင့်မတူပေ။ သူသည်၎င်းတို့၏ရှေ့တွင်လှပသောအမျိုးသမီးတစ်ယောက်မတ်တပ်ရပ်နေသည်နှင့်တူလေသည်။

မာဟာဒုန်သည်သူ၏ပုံစံကိုကျေနပ်လျက်ရှိလေသည်။ သူသည်ရှောင်ယုချန်၏ရှေ့တွင်ခန္ဓာကိုယ်ကိုလှည့်ပတ်ပြလိုက်ပြီး မေးလိုက်သည်။

"ချန်ချန်။ ကျွန်တော်ဘယ်လိုနေလဲ"

ရှောင်ယုချန်စိတ်ဆိုးစွာဖြင့်ပြောလိုက်သည်။

"သွားစမ်းပါ"

မာဟာဒုန်သည်ရောင့်တက်စွာလမ်းလျှောက်ထွက်သွားပြီးေနာက်ပြန်လှည့်လိုက်ကာ

"ချန်ချန် ကျွန်တော်အခုအဝေးသွားလိုက်ပြီ။ ဘယ်လိုနေလဲဆိုတာမပြောရသေးဘူးနော်"

"..."

သေစမ်း။ ငါသွေးတွေပွက်ပွက်ဆူနေတာငါခံစားမိတယ်။

ဘုရားသခင်! ဗုဒ္ဓ! တစ်ယောက်ယောက်! မာဟာဒုန်ကိုရှင်းထုတ်ပေးကြပါ!

ရှောင်ယုချန်သည်မာဟာဒုန်၏မျက်နှာကိုထပ်မမြင်ချင်တော့ပါ။

ငါ့ကိုအခုလိုအရှက်မရှိဆက်တိုက်နှောက်ယှက်နေရင် သူအရင်ကငါ့အပေါ်လုပ်ခဲ့တာတွေကိုငါခွင့်လွှတ်ပေးမယ်လို့သူထင်နေတာလား။

သေလိုက်။

မာဟာဒုန်ကိုမိတ်ကပ်လိမ်းပေးပြီးနောက်ရှုရှီယန်သည်သူမကိုယ်သူမလည်းလိမ်းလိုက်သည်။ သူမသည်ရှီရှင်ပုံစံဝတ်စားလိုက်သည်။

သူမသည်ငွေရောင်ဆံပင်နှင့် သတ္တုအဖုလေးများပါသောအနက်ရောင်ဂျက်ကတ်အင်္ကျီကိုဝတ်ဆင်ကာ တောက်ပနေသောစိန်နားကပ်ကိုပန်လိုက်သည်။ သူမသည် အသက်ရှုမှားလောက်စရာအေးစက်နေပြီး ဆွဲဆောင်မှုရှိပေသည်။

သူမသည်အားလုံး၏အရှေ့တွင်ရပ်လိုက်ပြီး မာဟာဒုန်သည်မနေနိုင်မထိုင်နိုင်အံ့အားသင့်စွာပြောလိုက်လေသည်။

"ဝိုး ဒါကျင်းရှီပဲလား"

ဝမ်ဒို၏မျက်လုံးများမှာဝိုင်းစက်နေလေသည်။

"ဝိုး ဝိုး ဝိုး ကျင်းရှီ။ နင်ကယောက်ျားတစ်ယောက်လိုပဲခန့်ညားလိုက်တာ။ အခုငါနင့်ကိုမစွတာရှီလို့ခေါ်ရမယ်"

သူမသည်အမှန်တကယ်ပင်ချောမောခန့်ညားနေသော်လည်းမာဟာဒုန်ကဲ့သို့တော့မဟုတ်ပေ။

***

## အပိုင်း(၂၄၂)
## အာမခံလွှတ်လိုက်ပြန်ပြီလား။

ရှုရှီယန်အနေနှင့်သူမကိုယ်သူမ ယောကျ်ားတစ်ယောက်ကဲ့သို့ရုပ်ဖျက်ထားချိန်တွင်ထိုမျှလောက်ကြည့်ကောင်းလိမ့်မည်ဟုမည်သူမျှမထင်ခဲ့ပေ။ ကေပေါ့စတားတစ်ယောက်ကဲ့သို့ချောမောခြင်းမဟုတ်ဘဲ အလွန်ယောကျ်ားဆန်သောယောကျ်ားတစ်ယောက်ကဲ့သို့ဖြစ်သည်။

"သွားကြစို့"

ရှုရှီယန်ပြုံး၍ပြောလိုက်သည်။

ရှောင်ယုချန်၊ ရှုရှီယန်၊ ဝမ်ဒိုနှင့်မာဟာဒုန်တို့သည် အချိန်တိုလေးအတွင်းမှာပင် ညစာစားရန်မန်မိုရီသို့ဦးတည်ခဲ့ကြလေသည်။

...

မန်မိုရီသည် ၎င်း၏ညစာစားရန်ကောင်းမွန်သောလေထုရှိခြင်းကြောင့် နာမည်ကြီးသည်။ စုံတွဲများသူငယ်ချင်းများအတွက်အသင့်တော်ဆုံးအကောင်းဆုံးဝန်ဆောင်မှုမျိုးပေးလေသည်။

မီးအလင်းသည်ဖျော့တော့နူးညံ့နေပြီး သီချင်းမှာစိတ်အေးသက်သာရှိသည့်အပြင် ဆွဲဆောင်မှုရှိသောအမျိုးသမီးတစ်ယောက်သည် ပြတင်းပေါက်ဘေးတွင်ထိုင်နေပေသည်။

ထိုသူမှာ လှပကျော့ရှင်းသောအနက်ရောင်ဝတ်စုံဝတ်ဆင်ထားသည့်ရှယ်ရတင်ဖြစ်ပေသည်။ သူမသည် ညနေ၆နာရီမိနစ်၅၀ကတည်းကပင် သီးသန့်

စားပွဲတွင်ထိုင်စောင့်နေခြင်းဖြစ်သည်။

ဟွာဆန်ယန်သည် သူမအရင်ကလုပ်ခဲ့သည့်ပါပါရာဇီအလုပ်အတိုင်း ပြတင်းပေါက်မှတစ်ဆင့်ချောင်းကြည့်နိုင်ရန် အမှောင်ထောင့်တစ်နေရာတွင်ပုန်းနေလေသည်။

သူမကို ဟွာယိုရှန်ဒိတ်လာလုပ်မလုပ်စစ်ဆေးကြည့်ရှုရန်သူမတို့မိသားစုကလာစောင့်ကြည့်ခိုင်းခြင်းဖြစ်ပြီးဒင်းတို့ကိုဟွာယိုရှန်နှင့်ရွှယ်ရတင်တို့မည်သို့ဒိတ်ခဲ့ကြသည်ကိုပြန်သတင်းပို့ရန်မှာကြားခဲ့သည်။

မိနစ်အနည်းငယ်ကြာပြီးနောက် အရပ်မြင့်မြင့်လူကောင်ထွားထွားဝတ်စုံပြည့်နှင့်လူတစ်ယောက်ရောက်လာပြီး ရွှယ်ရတင်၏ရှေ့တွင်ဝင်ထိုင်လိုက်လေသည်။

ဟွာဆန်ယန်သည် မှန်ဘီလူးနှင့်ချောင်းကြည့်လိုက်ပြီး စီခနဲအော်လိုက်လေသည်။

"အကိုကျင်တန်ကဘာလို့ရောက်လာတာလဲ"

ဟွာယိုရှန်ကဘယ်မှာလဲ။

ငါ့မောင်လေးကဘယ်မှာလဲ။

မပြောနဲ့နော်... ဒိတ်ကိုဟွာကျင်တန်ကိုပေးလိုက်ပြီး အာမခံလွှတ်လိုက်ပြန်ပြီလို့။

ရွှယ်ရတင်ခေါင်းမော့ကြည့်လိုက်ပြီး ရောက်လာသူမှာသူမစောင့်နေရသည့်သူမဟုတ်မှန်းသိလိုက်ရလေသည်။

"ဟွာကျင်တန်။ ရှင်ကဘာလို့ရောက်လာတာလဲ"

ရွှယ်ရတင်အံ့ဩစွာဖြင့်မေးလိုက်သည်။

"ကိုယ်ဒီကိုရောက်လာတာတစ်ခုခုများမှားနေလို့လား"

ရွှယ်ရတင်အားနက်မှောင်ရွှန်းစိုသောမျက်လုံးများဖြင့်ကြည့်လိုက်ပြီး ဟွာကျင်တန်ပြောလိုက်သည်။

"ရှင်မှားနေပြီ။ ဒီညကျွန်မကဟွာယိုရှန်နဲ့တွေ့ရမှာ..."

ရွှယ်ရတင်ပြောလိုက်သည်။ သူမနှင့်ဟွာယိုရှန်အားဒိတ်စီစဉ်ပေးထားသည်ဟုသူမအဖေပြောခဲ့သော်လည်းယခုအခါ ဟွာကျင်တန်သာပေါ်လာခဲ့သည်မှာ သူမအား သိလိုစိတ်ပြင်းပြစေလေသည်။

"မင်းကထက်မြက်တဲ့အမျိုးသမီးတစ်ယောက်ပါ။ ကိုယ်နဲ့ဟွာယိုရှန်ကြားကကွာခြားချက်ကိုမင်းမြင်တတ်မှာပါ"

ဟွာကျင်တန်ပြောသည်။

"ကိုယ်ကသူ့ထက်အစစအရာရာပိုသာပါတယ်။ ကိုယ်တို့အတူတူဆိုရင်အများကြီးပိုလုပ်နိုင်တယ်။ မင်းဘာလို့သူ့ကိုရွေးချယ်ရတာလဲ။ အဲ့ဒါနည်းနည်းရူးမိုက်ရာမကျနေဘူးလား"

ဟွာကျင်တန်သည်စီးပွားရေးအလုပ်ကိုကိုင်တွယ်ရာတွင်အထက်တန်းလွှာအဆင့်ရှိသော်လည်း အချစ်ရေးကိစ္စနှင့်ပတ်သတ်သောအခါအတွေ့အကြုံနုနယ်သူသာဖြစ်လေသည်။

ရွှယ်ရတင်သည်ဟွာကျင်တန်ပြောပုံဆိုပုံကိုကြား၍အနည်းငယ်ရွံရှာစက်စုတ်မိလေသည်။

"ကျွန်မအရောင်းအဝယ်လုပ်ဖို့လာတယ်လို့ရှင်ထင်နေလား"

ရွှယ်ရတင်ဆူပူလိုက်သည်။

"ဒါဟွာမိသားစုကျွန်မကိုဆက်ဆံတဲ့ပုံလား။ ဒါဆိုကျွန်မဒီဒိတ်ကိုဖျက်တယ်"

ရွှယ်ရတင်သည်မတ်တပ်ထရပ်လိုက်ကာ ပြန်ရန်လှည့်ထွက်ဖို့ပြင်လိုက်

လေသည်။

ဟွာဆန်ယန်သည် ရွှယ်ရတင်ပြန်တော့မည်ကိုမြင်၍ဟွာယိုရှန်ကိုဖုန်းဆက်လိုက်လေသည်။

"ဘာလို့လောနေတာလဲ"

သူမထွက်သွားနိုင်မည်မဟုတ်ဟုယူဆလိုက်ကာဟွာကျင်တန်လှောင်ပြုံးလိုက်လေသည်။

"မင်းကိုယ့်ကိုကြောက်လို့လား။ ဟွာယိုရှန်ဘာလို့မလာတာလဲဆိုတာမင်းမသိချင်ဘူးလား"

"အိုး ဘာလို့များပါလိမ့်"

ရွှယ်ရတင်သူမ၏ခုံပြန်ထိုင်လိုက်ပြီးတွင်ပြန်မေးလိုက်လေသည်။

"ရှင်းပါတယ်။ တကယ်။ မင်ကသူကြိုက်တဲ့ပုံမဟုတ်လို့လေ"

ဟွာကျင်တန်ပြန်ပြောလိုက်သည်။ သူသည်ဟွာယိုရှန်၏ရည်ရွယ်ချက်ကိုသူမနားလည်မှုလွဲသွားမည်ကိုပင်ဂရုမစိုက်ပေ။ ထိုသို့ဖြစ်သွားလျှင်သူကပို၍ပင်ကြိုက်ဦးမည်။

ပေကျင်း၏အချမ်းသာဆုံးမိသားစုမှသမီးတစ်ယောက်။ ဒါကိုဟွာယိုရှန်ကြိုက်တဲ့ပုံစံမဟုတ်ဘူး...

"ကျွန်မကသူ့အကြိုက်ပုံစံမဟုတ်ဘူး? "

ရွှယ်ရတင်မျက်မှောင်ကြုပ်လိုက်သည်။

"သူကရောကျွန်မအကြိုက်ပုံစံလို့ထင်နေလား။ ကျွန်မဒီနေ့ဒီကိုလာတာသူ့ကိုတွေ့ချင်လို့မဟုတ်ဘူး"

***